## ၁၉၆၀ ပြည့်နှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် (ပြင်ဆင်ချက်) အက်ဥပဒေ။
## [၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၅။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ **၁၉၆၀ ပြည့်နှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် (ပြင်ဆင်ချက်) အက်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေတခုလုံးသည်၊ သို့တည်းမဟုတ် အစိတ်အပိုင်းသည်၊ နိုင်ငံတော်သမတက၊ အမိန့် ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင်၊ သို့တည်းမဟုတ် နေ့ရက်များတွင် စတင်အာဏာတည်ရ မည်။

၂။ ။ နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့်၊ ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်အက်ဥပဒေ၏ ရှိရင်းပုဒ်မ ၁၂ ကို၊ ပုဒ်မ ၁၂ ၏ ပုဒ်မခွဲ (၁) အဖြစ် ပြန်လည်အမှတ်စဉ်၍၊ ထိုသို့ပြန်လည် အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (၁) နောက်၌၊ အောက်ပါကို၊ ပုဒ်မခွဲ (၂) အဖြစ်ထည့်သွင်းရမည်။

"(၂) ဒါရိုက်တာအဖွဲ့သည်၊ ပုဒ်မခွဲ (၁) အရ၊ မိမိတွင်တည်ရှိသည့် အာဏာများ၊ တာဝန်များနှင့် အလုပ်ဝတ်တရားများအနက်၊ အချို့ကို၊ နိုင်ငံတော်သမတ၏ ကြိုတင်သဘောတူညီချက်ဖြင့်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ စိုက်ပျိုးရေးဘဏ်၏၊ မည်သည့်အရာရှိအားမဆို၊ အခါအားလျော်စွာ၊ လွှဲအပ်နိုင်သည်။"

၃။ ။ အဆိုပါအက်ဥပဒေပုဒ်မ ၁၈ ၏ ပုဒ်မခွဲ (၅) ကို ပယ်ဖျက်ရမည်။

၄။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၈၆ အစား၊ အောက်ပါကို၊ ပုဒ်မ ၈၆ အဖြစ်ထည့်သွင်းရမည်။

**ဘဏ္ဍာတော်နှစ်။**

"၈၆။ ။ စိုက်ပျိုးရေးဘဏ်၏ ဘဏ္ဍာတော်နှစ်သည်၊ ဧပြီလ ၁ ရက်နေ့မှအစပြု၍၊ မတ်လ ၃၁ ရက်နေ့ တွင်ကုန်ဆုံးသည်။

**ခြွင်းချက်**။ ။ သို့ရာတွင် နိုင်ငံတော်သမတသည်၊ ဘဏ္ဍာတော်နှစ်ပြောင်းလဲခြင်းကြောင့် ကျန်ရှိနေသော လများကို၊ မည်သည့်ဘဏ္ဍာတော်နှစ်အတွင်း ထည့်သွင်းရမည်ဟု၊ အမိန့်ကြော်ငြာစာဖြင့် ညွှန်ကြားနိုင် သည်။"